# ၁၉၈၁ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုရည်မှန်းချက်များဆိုင်ရာ ဥပဒေ
# [၁၉၈၁ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၂]

## နိဒါန်း

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အနှစ်၂၀ နှစ်ရှည်စီမံကိန်းနှင့် တတိယ လေးနှစ်စီမံကိန်းလမ်းညွှန်မှုများတွင် ပါရှိသည့်ရည်မှန်းချက်နှင့် တတိယလေးနှစ်စီမံကိန်း (၁၉၇၈-၇၉ မှ ၁၉၈၁-၈၂) တို့၏ ရည်မှန်းချက်များကို ရရှိစေရန်အလို့ငှာ ပြည်သူ့လွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၈၁ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုရည်မှန်းချက် ဆိုင်ရာ ဥပဒေဟုခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၁၉၈၁-၈၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၈၁ ခုနှစ်၊ ဧပြီလ ၁ရက်နေ့မှ စတင် အာဏာတည်ရမည်။

## အခန်း(၂)
## စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရေး

၂။ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမအစည်းဝေးက အတည်ပြုပေးခဲ့သော တတိယ လေးနှစ်စီမံ ကိန်းနှင့်အညီ ရေးဆွဲထားသည့် တတိယလေးနှစ်စီမံကိန်း၏ စတုတ္ထနှစ်ဖြစ်သော ၁၉၈၁-၈၂ ခု၊ ဘဏ္ဍာရေးနှစ်တွင် အောက်ပါဇယားရှိ ကဏ္ဍအလိုက် ရည်မှန်းချက်များကို ရရှိနိုင်ရန် ထိုကဏ္ဍများနှင့် ယှဉ်တွဲဖော်ပြသော အဖွဲ့အစည်းများက စပ်ဟပ်ညှိနှိုင်း၍ ဆောင်ရွက်အကောင်အထည်ဖော်ကြရမည်။

----- Footnote -----

[ပင်ရင်း- ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၉၈၁ ခုနှစ် ဥပဒေများ နည်းဥပဒေများစာအုပ်မှ ကူးယူတင်ပြသည်။]

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ၁၉၈၁-၈၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက်ရည်မှန်းချက်များ (တန်ဖိုးများကို၁၉၆၉-၇၀ခုနှစ်၊ပုံမှန်ဈေးနှုန်းများဖြင့်တွက်ချက်ထားပါသည်)



Myanmar Law Information System (MLIS)